**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး**

၂၃ ရက်မြောက်နေ့ အစည်းအဝေး**မှတ်တမ်း အနှစ်ချုပ်**

**၁၃၇၉ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်**

**( ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက် )**

**[အင်္ဂါနေ့]**

၁။ ဒုတိယအကြိမ် **အမျိုးသားလွှတ်တော်** သတ္တမပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပပါသည်။

**မေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း**

၂။ မေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည် -

(က) ဦးအောင်ကျော်စိုး၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၏ **ကယားပြည်နယ်၊ ပြည်နယ်တရားလွှတ်တော် (Hight Court)ရုံးကို လာမည့် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘတ်ဂျက်ဖြင့် ထည့်သွင်းရေးဆွဲ၍ အသစ်ထပ်မံတည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားသူကြီး ဦးမြင့်အောင် က ကယားပြည်နယ် တရားလွှတ်တော် (High Court) ရုံးကို လာမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘတ်ဂျက်ဖြင့် ထည့်သွင်းရေးဆွဲ၍ အသစ်ထပ်မံ တည်ဆောက်ပေးရန် အစီအစဉ် မရှိကြောင်း ဖြေကြားပါသည်။

( ခ ) ဦးစိုင်းသန်းနိုင်၊ ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)၏**လွှတ်တော် ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကို ပြဋ္ဌာန်းပေးရန်** အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်မြင့် က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်က ဆိုင်းငံ့ထားရန် သဘောတူအတည်ပြုခဲ့သည်ကို အလေးဂရုပြုလျက် လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို ပိုမိုကောင်းမွန်ပြည့်စုံစေရေးအတွက် ဆက်လက်ပြင်ဆင်ညှိနှိုင်းပြုစု ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားပါသည်။

( ဂ ) ဒေါ်လွီးဇာ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၏ **ကယားပြည်နယ်၊ ဖရူဆိုမြို့မှ ဒိုးပရယ်ရွာအထိကို ကတ္တရာလမ်းအဖြစ်လည်းကောင်း၊ ဒိုးပရယ်ရွာမှ လျားဒူရွာအထိကို ကျောက်ချောလမ်းအဖြစ်လည်းကောင်း အဆင့်တိုးမြှင့်ပေးရန်** အစီအစဉ်

ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် သန်းထွဋ်က ဖရူဆိုမှ ဒိုးပရယ်ရွာအထိ (၄/၃)မိုင် ကတ္တရာခင်းခြင်း လုပ်ငန်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဒုတိယ(၁၂)လတွင် အဆိုပြုလျာထားတင်ပြပြီးဖြစ်သဖြင့် ရန်ပုံငွေခွင့်ပြုမှုအပေါ် မူတည်၍ စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ဒိုးပရယ်ရွာမှ လျားဒူရွာအထိ ကျောက်လမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရေးအတွက် လိုအပ်သောလုပ်ငန်းများကို ကယားပြည်နယ် အစိုးရအဖွဲ့၏ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလထိ နယ်စပ်ဒေသဖွံ့ဖြိုးရေး (ပြည်နယ်) ရန်ပုံငွေတွင် အဆိုပြုလျာထားတင်ပြထားပါကြောင်း ဖြေကြားပါသည်။

(ဃ) ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ နန်းတိုင်းကျေးရွာအုပ်စု၊ တောင်လားကျေးရွာအုပ်စုနှင့် တောင်ကွဲကျေးရွာအုပ်စု(၃)ခုကို ဆက်သွယ် ဖောက်လုပ်ထားသော နန်းတိုင်း - တောင်လား - တောင်ကွဲ ကျေးလက်လမ်း ၁၅ မိုင် ၄ ဖာလုံကို ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန်** အစီအစဉ် ရှိ / မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် သန်းထွဋ် က ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် ၎င်းလမ်း(၁၅/၄)မိုင်အနက်(၂/၇)မိုင်အား ကတ္တရာလမ်းအဖြစ် ဆောင်ရွက်လျက်ရှိပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် (၃/၀)မိုင် ကတ္တရာလမ်းခင်းခြင်းအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေတွင် ဆက်လက်လျာထားဆောင်ရွက်ပေးရန် စီစဉ်ထားပါကြောင်းနှင့် ကျန်ရှိသည့် လမ်းပိုင်း(၉/၅)မိုင်ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ဆက်လက် အဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားပါသည်။

**ဥပဒေကြမ်းဆွေးနွေးခြင်းနှင့် အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာခြင်း**

၃။ အမျိုးဇာတ် ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့် အက်ဥပဒေ(The Caste Disabilities Removal Act) ကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)က ဆွေးနွေးပါသည်။

၄။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ က အမျိုးဇာတ် ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့် အက်ဥပဒေ (The Caste Disabilities Removal Act) ကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် ဆုံးဖြတ်ပါသည်။

၅။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ က မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများကို ပြည်သူ့လွှတ်တော် က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာခြင်းအား အမျိုးသားလွှတ်တော်သို့ အသိပေးတင်ပြပြီး ယင်းနည်းဥပဒေများနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ပြင်ဆင်လိုသည့် နည်းဥပဒေ၊ နည်းဥပဒေခွဲအလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး

၆-၃-၂၀၁၈(အင်္ဂါနေ့)ထက် နောက်မကျစေဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာပါသည်။

၆။ အစည်းအဝေးကို ၁၀း၄၁ နာရီ အချိန်တွင် ရပ်နားပြီး ၂၄ ရက်မြောက်နေ့ အစည်းအဝေးကို ၅-၃-၂၀၁၈ ရက်နေ့(တနင်္လာနေ့)တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါသည်။

**အမျိုးသားလွှတ်တော်**